"( ၁၃ –၀၁–၂၀၂၅) ရက်နေ့စွဲပါ စက်ယန္တရားအငှားရောင်း

နှစ်ဦးသဘောတူ ကတိစာချုပ်အမှတ် (**WF-HS-029/2025** )

အာမခံပစ္စည်းထားရှိခြင်း၏ ကတိစာချုပ်"

နေ့စွဲ။ ။**၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ၊( ၁၃ )ရက် ။**

အောက်ဖော်ပြပါ ပစ္စည်းအာမခံထားသူနှင့် လက်ခံယူသူတို့သည် အောက်ပါအတိုင်း နှစ်ဘက်သဘောတူ စက်ယန္တရားအငှားရောင်း နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်အတွက် အာမခံထားရှိခြင်းကတိစာချုပ်ကို ရန်ကုန်မြို့ ၌ ပြုလုပ်ချုပ်ဆိုကြသည်မှာ–

ပစ္စည်းအာမခံထားခြင်းကို ။ ။အမည် – ဦးဇော်မင်းမြတ်
လက်ခံသူ မှတ်ပုံတင်အမှတ် – ၁၂/မရက(နိုင်)၁၁၄၄၁၁
နေရပ်လိပ်စာ – အမှတ်(၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်–ပုသိမ် အဝေးပြေးလမ်းမကြီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

**(for and on the behalf of Mandalay Resources Co., Ltd.)**

ပစ္စည်းအာမခံထားရှိသူ ။ ။(၁) အမည် – ဦးဝေဇင် (ဘ) ဦးမခေါ်ကွန်ဖန်
မှတ်ပုံတင်အမှတ် – ၉/ခအဇ(နိုင်)၀၀၆၉၀၅
(၂) အမည် – ဦးအောင်ကျော်မြင့်
မှတ်ပုံတင်အမှတ် – ၁/မညန(နိုင်)၀၇၆၀၇၂
နေရပ်လိပ်စာ – အမှတ် (၂၈)၊ 73D လမ်းနှင့် ၁၁၆× ၁၁၇ လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
ဖုန်းနံပါတ် – ၀၉–၂၀၅၈၈၀၈။

(အထက်ဖော်ပြပါ ပစ္စည်းအာမခံထားခြင်းကို လက်ခံသူဟုဆိုရာ၌လည်းကောင်း၊ ပစ္စည်အာမခံထားရှိသူဟုဆိုရာ၌ လည်းကောင်း၊ ၄င်းတို့ကိုယ်တိုင်အပြင် ၄င်းတို့အသီးသီး၏ အမွေစား အမွေခံများ၊ အမွေဆက်ခံခွင့်ရှိသူများ၊ တရားဝင်ကိုယ်စားလှယ်များနှင့် ကိုယ်စားပြုခံရသူများ၊ လွှဲပြောင်းခြင်းခံရသူများအားလုံး ပါဝင်သည်ဟုမှတ်ယူရမည်။)

၁။ စက်ယန္တရားအငှားရောင်းချသူနှင့် စက်ယန္တရားအငှားဝယ်ယူသူတို့ အကြား ပြုလုပ်ချုပ်ဆိုခဲ့ကြသော Used Matador Excavator ME220 (1)Unit အတွက် အငှားရောင်းချသူထံ အရစ်ကျပေးရန် ကျန်ရှိသောငွေ အားလုံး USD-21,913/- (USD- Twenty One Thousand Nine Hundred and Thirteen Only) ကို ယင်း စက်ယန္တရားအငှား ဝယ်ယူမှုအတွက် အာမခံပစ္စည်းအဖြစ် **တိုက်ခန်းစာချုပ်**အား **Mandalay Resources Co.,Ltd.** တွင် ထားရှိပါမည်ဟု ပစ္စည်းအာမခံထားရှိသူ **ဦးဝေဇင်** မှ ဝန်ခံကတိပြုပါသည်။

၂။ **အာမခံထားရှိမည့်ပစ္စည်းအမျိုးအစား**

(က) ဦးအောင်ကျော်မြင့် ပိုင်ဆိုင်သော ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ရွှေဝါ (၅)လမ်း၊ တိုက်ခန်းအမှတ် (၅၇၄)၊ ခြေရင်း× ခေါင်းရင်း (၂)ခန်း ၏ တိုက်ခန်းအရောင်းအဝယ်စာချုပ်မူရင်း နှင့် ဆက်စပ်စာရွက်စာတမ်းများမူရင်း။

စာမျက်နှာ(၂)သို့

၃။ အထက်ဖော်ပြပါ အာမခံထားရှိသော **တိုက်ခန်းစာချုပ်**သည် အာမခံထားရှိသူ၏ မိတ်ဆွေမှ တရားဝင်ပိုင်ဆိုင်ထားပြီး အခြားအရှုပ်အရှင်း တစ်စုံတစ်ရာမရှိကြောင်းကိုလည်း တာဝန်ယူပါသည်။ အာမခံထားရှိသူမှ အာမခံထားရှိသည့် **တိုက်ခန်းစာချုပ်** ကို အာမခံအဖြစ် အပ်နှံသည့်ကာလမှာ နောက်ဆုံးငွေပေးသွင်းရမည့် (၂၀၂၅ ခုနှစ်၊ မေလ) ကာလ အထိ ဖြစ်ကြောင်းနှင့် ယင်းအရစ်ကျငွေများ အပြေအကြေလက်ခံရရှိပြီးပါက အာမခံထားသော **တိုက်ခန်းစာချုပ်** မူရင်း ကို ပစ္စည်းအာမခံထားရှိသူသို့ ပြန်လည်ပေးအပ်မည်ကို သိရှိသဘောတူပါသည်။

၄။ အထက်ဖော်ပြပါသတ်မှတ်သောနေ့၌ အရစ်ကျငွေအားလုံးကို နောက်ဆုံးထား၍ ပေးသွင်းရန်နှင့် ပျက်ကွက်ပါက အာမခံထားရှိသည့် **တိုက်ခန်း** ကို လွှဲပြောင်းပေးရမည်ဖြစ်ပြီး ကျန်လိုအပ်သော စက်ယန္တရားဝယ်ယူသည့် တန်ဖိုး ပြည့်မှီစွာ ပေးသွင်းရန် သဘောတူပါသည်။ ထိုသို့အာမခံပစ္စည်းကိုလွှဲပြောင်းရယူရာတွင် အိမ်ခြံမြေစီမံခန့်ခွဲမှု ကော်မတီ အဖွဲ့ဝင်များ၏ ရှေ့မှောက်၌ အရောင်းအဝယ်စာချုပ်ချုပ်ခြင်း၊ တိုက်ခန်းကို လက်ဝယ်ရရှိနိုင်ရန် နည်းဥပဒေများနှင့်အညီ မပျက်မကွက် လိုက်ပါဆောင်ရွက်ပေးပါမည်ဟု ပစ္စည်းအာမခံထားသူမှ သဘောတူပါကြောင်း အောက်ပါ အသိသက်သေများရှေ့မှောက်တွင် ဝန်ခံကတိပြုပါသည်။

၅။ အထက်စာချုပ်ပါစကားရပ်များကို ပစ္စည်းအာမခံထားခြင်းကို လက်ခံသူနှင့် ပစ္စည်းအာမခံထားသူတို့နှစ်ဦး နှစ်ဖက်ဖတ်ရှု၊ သိရှိနားလည်သဘောပေါက်ကြပါ၍ မည်သူတစ်ဦးတစ်ယောက်မျှ လိမ်လည်ဖြားယောင်း သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့မပါဝင်ဘဲ မိမိတို့၏လွတ်လပ်သော သဘောဆန္ဒအရ အောက်ဖော်ပြပါ အသိသက်သေများ ရှေ့မှောက်၌ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုပါသည်။

| <u>ပစ္စည်းအာမခံထားခြင်းကို လက်ခံသူ</u> | <u>ပစ္စည်းအာမခံထားရှိသူ</u> |
|---|---|
| ဦးဇော်မင်းမြတ် (၁၂/မရက(နိုင်)၁၁၄၄၁၁)<br>(for and on behalf of Mandalay Resources Co., Ltd.) | ဦးဝေဇင် (၉/ခအဇ(နိုင်)၀၀၆၉၀၅) |
| | ဦးအောင်ကျော်မြင့် (၁/မညန(နိုင်)၀၇၆၀၇၂) |

<u>အသိသက်သေများ</u>

| | |
|---|---|
| လက်မှတ် – | လက်မှတ် – ------------------------ |
| အမည် – ဦးဝင်းသန်း | အမည် – ------------------------ |
| နသအမှတ် – ၈/မမန(နိုင်)၂၂၇၃၂၄ | နသအမှတ် – ------------------------ |
| နေရပ် – အမှတ်(၁၅၂)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊<br>- လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ | နေရပ် – ------------------------ |